# စစ်အုပ်စုအတွင်း အာဏာလုပွဲကြီး (လာရီဂျေကာင်)



မြန်မာပြည်တွင် မှေးမှိန်စပြုလာသော စစ်အုပ်ချုပ်ရေးစနစ်ဟောင်းတရပ် ကွယ်ပျောက်၍ ဒီမိုကရေစီကို အာမခံသော သမ္မတ သိန်းစိန်နှင့်အတူ ကြံ့ဖွတ်အစိုးရသစ်တရပ် ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။ တပြိုင်တည်းမှာပင် တစုံတရာပြောင်း လဲမှုကိုလိုလားသော သမ္မတ သိန်းစိန် နှင့် ရှေးရိုးစွဲတရားသေမူဝါဒကို လိုလားသော ဒုသမ္မတ တင်အောင်မြင်ဦး တို့၏ အာဏာလွန်ဆွဲပွဲကြောင့် နိုင်ငံရေး၊ စီးပွားရေး တိုးတက်အောင် လုပ်ဆောင်နိုင်မှုများ လက်တွေ့မပြနိုင်ဖြစ်နေဆဲ ဖြစ် သည်။

မူလလက်ဟောင်း စစ်အစိုးရလက်ထက်တွင် ဝန်ကြီးချုပ်တာဝန်ယူခဲ့သော သိန်းစိန် အနေဖြင့် ဒီမိုကရေစီ ဖေါ်ဆောင်ရေးတွင် အခက်အခဲများတွေ့ရမည်ကို အများကမျှော်လင့်ထားခဲ့ပြီး ဖြစ်သည်။ အချို့ သံတမန်များ အဆိုအရ အဓိကပြဿနာသည် တင်အောင်မြင့်ဦး ဖြစ်ပြီး၊ ၎င်း၏ အုပ်ချုပ်ရေးကဏ္ဍတွင် ဝင်ရောက်နှောက်ယှက်မှုနှင့် ကာကွယ်ရေး ဦးစီးချုပ်အပေါ် အာဏာပြလိုမှုမှာ အဓိက အခက်အခဲများဖြစ်နေသည်ဟု ဆိုသည်။ ထို့အတွက်ကြောင့် သမ္မတ ၏

စီးပွားရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်း၊ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်လွှတ်ပေးရေးတို့တွင် အကောင်အထည်မပေါ် ဖြစ်ခဲ့သည်။

တင်အောင်မြင့်ဦး သည် စစ်တပ်ကထိန်းချုပ်သော အယူအဆဟောင်းကို စွဲကိုင်သူ ဖြစ်သည်။ နိုင်ငံရေးဇာတ်ခုံမှ ပျောက်ကွယ်ခဲ့သော်လည်း သန်းရွှေ သည် သိန်းစိန်၊ တင်အောင်မြင့်ဦး လွှန်ဆွဲပွဲကို စံနစ်တကျ စီမံထားခဲ့သည်။ အာဏာလုပွဲ ကြီးထွားလာသည့်နှင့် စစ်တပ်က တကျော့ပြန် အာဏာသိမ်းပြီး ဒီမိုကရေစီစနစ်ကို ရပ်ဆိုင်းပစ်နိုင်သည်ဟု စိုးရိမ်သူများလည်း ရှိသည်။

ပိုမို၍ ရှုပ်ထွေးစေနိုင်သည်မှာ အာဏာရ ကြံ့ခိုင်ဖွံ့ဖြိုးပါတီခေါင်းဆောင်များကလည်း ၎င်းတို့၏ ဩဇာအာဏာများ ချဲ့ထွင်လာ မှုဖြစ်သည်။ ၎င်းတို့သည် လွန်ခဲ့သည့် နှစ် နိုဝင်ဘာ ရွေးကောက်ပွဲကြောင့် အနားယူခဲ့ကြရသော ဗိုလ်ချုပ်ဟောင်းများ လည်း ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် စစ်အစိုးရဟောင်း၏ ဝန်ကြီးများလည်းဖြစ်ကြပြီး ဒီမိုကရေစီ အရေးအပေါ် တွင် သံသယရှိနေကြသူများလဲ ဖြစ်သည်။

သန်းရွှေအနေဖြင့် နိုင်ငံရေးမှ အပြီးအပိုင်အနားယူသွားသည် ဆိုသော်လည်း ၎င်း၏ ဓါတ်ပုံများကို အစိုးရရုံးများတွင် ချိတ်ဆွဲထားဆဲ ဖြစ်သည်။ ၎င်း၏ အခန်းကဏ္ဍကို ကျော်၍ သိန်းစိန်အလုပ်လုပ်ရန် အခက်အခဲရှိသည်။ ယနေ့ ဖြစ်ပေါ် နေသော အာဏာလွန်ဆွဲမှုသည် တပ်မတော်ကို ထိန်းချုပ်ပြီး မိမိ မိသားစု၏ ရပ်တည်နိုင်မှုနှင့် ချမ်းသာကြွယ်ဝမှုတို့ကို အနှောက်အယှက် မဖြစ်စေရန် သန်းရွှေ ၏ စနစ်တကျဖန်တီးခဲ့သော အရှုပ်ဇာတ်လမ်းတခု ဖြစ်သည်။

သိန်းစိန်သည် မြန်မာနိုင်ငံ စီပွားရေးနှင့် ဒီမိုကရေစီအရေးတိုတွင် တစုံတရာပြောင်းလဲမှု လိုအပ်သည်ဟု မြင်သူဖြစ် သည်။ အမည်မဖော်လိုသူ မြန်မာသံအရာရှိ တဦးအဆိုအရ စစ်အစိုးရ၏ စံနစ်ဟောင်းသည် ကွယ်ပျောက်သွားပြီဖြစ် သည်။ အစိုးရသစ်သည် အပြုသဘောပြောင်းလဲမှုကို လိုလားသည်ဟု ဆိုသည်။ ၎င်း၏ အဆိုကို အာရှနှင့် ဥရောပနိုင်ငံများရောက် မြန်မာသံအရာရှိများကလည်း ထောက်ခံကြသည်။ မတ်လတွင် ဟောပြောခဲ့သော သမ္မတမိန့်ခွန်းများက လည်း ဤအချက်များကို သက်သေခံစေခဲ့သည်။ သို့သော်လည်း အများအုပ်ချုပ်သော စံနစ်တရပ်တွင် အုပ်ချုပ်ရေး၊ တရားဥပဒေရေး၊ စစ်တပ်အဆင့်ဆင့်ကြားတွင် လက်တွေ့လုပ်ဆောင်ရေးမှာ ထင်သလောက်မလွယ်ပေ။

သုံးသပ်သူများအလိုအရ ကုန်သွယ်ရေးကောင်စီ ခေါင်းဆောင်ဖြစ်သော တင်အောင်မြင့်ဦး အနေဖြင့် ဖြစ်ပေါ်နေသော အခြေအနေကို အမြတ်ထုတ်ပြီး သိန်းစိန်၏ အခွင့်အာဏာနှင့် ဆန္ဒကိုထိန်းချုပ်ထားသည်ဟု ဆိုသည်။ အပတ်စဉ် ပြု လုပ်သော အစိုးရလုပ်ငန်းစဉ် အစည်းအဝေးများပြီးတိုင်း တင်အောင်မြင့်ဦး သည် ဝန်ကြီးများ (သိန်းစိန် မပါ) ဝန်ကြီး များကို လှှက်ရည်သောက်ဖိတ်ပြီး အတွင်းရေးများကို မေးမြန်းလေ့ရှိသည့်ဟု ဆိုသည်။ အဓိကအားဖြင့်

မိမိအတွက် အကျိုးအမြတ်ရှိသော အဓိက စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်များ ဥပမာ သွင်းကုန် ထုတ်ကုန် လိုင်စင်နှင့် ကုမ္ပဏီ မှတ်ပုံတင်ခွင့်များကို တင်အောင်မြင့်ဦး က အာဏာသုံးပြီး လုပ်ကိုင်လေ့ရှိသည်။ ဖြစ်ရပ်တခုတွင် သိန်းစိန်က ထုတ်ပြန်ခဲ့သော ၅% ပြည်ပပို့ကုန် အခွန်လျှော့ချရေး ဆုံးဖြတ်ချက်ကို တင်အောင်မြင့်ဦး က ဘဏ္ဍာရေးဝန်ကြီးနှင့်ပေါင်းပြီး ၇% ပြောင်းလဲထုတ်ပြန်ခဲ့သည်။ ၎င်းသည် မိမိ သဘောဖြင့် ဝန်ကြီးဌာနများ၏ ဘတ်ဂျက်များကို ၂၀% မှ ၄၀% လျှော့ချခဲ့သည်။ သို့သော် စစ်တပ် ဘတ်ဂျက် မပါချေ။

တင်အောင်မြင့်ဦး သည် ကြံ့ဖွံ့အစိုးရကို နိုင်ငံတကာတွင် သိက္ခာကျဆင်းစေသော ပြောဆိုမှုများ ပြောလေ့ရှိသည်။ အ ထူးသဖြင့် နိုင်ငံတကာ အကြီးအကဲများ John McCain ကဲ့သို့ အထင်ကရ ပုဂ္ဂိုလ်များ နေပြည်တော်သို့ လာရောက် လည်ပတ်စဉ်က 'မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား များမရှိပါ' ဟု မိုက်မဲစွာ ပြောဆိုခဲ့သူ ဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များက အတိအကျပြောဆိုတင်ပြထားသော နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော် ကိစ္စကို ပြောင် ကျကျ ငြင်းဆိုဝံ့သူ ဖြစ်သည်။

## အမိန့်အသစ်များ ...

အဓိကအကျဆုံး ကိစ္စသည် မြန်မာနိုင်ငံရေးတွင် စစ်တပ်၏အခန်းကဏ္ဍ ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအရ တပ်မတော် သည် ပါလီမန်၏ အမတ်နေရာ ၂၅ % ကို ပိုင်ဆိုင်သူ ဖြစ်သည်။ ကာကွယ်ရေးဦးစီးချုပ် အသစ်ဖြစ်သော ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် အခန်းကဏ္ဍနှင့် စစ်တပ်ကပါဝင်သော ပါလီမန်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍသည် ယနေ့ ကျင်းပနေသော ပါလီမန်အစည်းအဝေးများတွင် မရှိသလောက် ဖြစ်သည်။ ပါလီမန် လွှတ်တော်တွင် ဗိုလ်ချုပ် မင်းအောင်နိုင် ၏ ပြောဆိုမှုများကို လေ့လာပါက ၎င်း၏ နိုင်ငံရေးတာဝန်သည် တပ်မတော်၏ ဂုဏ်သိက္ခာကို ပြန် ထူထောင်ရန် ဖြစ်သည်။ နိုင်ငံရေးနှင့် ပတ်သက်သောခန်းကဏ္ဍမှာ မြန်မာပြည်အနာဂါတ်ကို ကိုယ်စားပြုသော ကျွမ်းကျင်သော မြန်မာ့နိုင်ငံရေး သမားများ၏ တာဝန်သာ ဖြစ်သည်။

## စစ်တပ်လွှတ်တော် အမတ်တဦး၏ အဆိုအရ -

ယနေ့ ဖြစ်ပျက်နေသော နိုင်ငံရေး ၊ စီးပွားရေး အရှုပ်အထွေးများမှာ စစ်အစိုးရ၏ လုပ်ရပ်ကြောင့်သာ ဖြစ်သည်ဟု အ တိအကျ ဝေဖန်ခဲ့သည်။

တင်အောင်မြင့်ဦး အနေဖြင့် ကန့်သတ်ခံနေရသော ယနေ့ စစ်တပ်၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်နေပြီး စစ်တပ်အနေဖြင့် အစိုးရနှင့် ဥပဒေပြုလွှတ်တော်နှစ်ရပ်စလုံးတွင် ထိရောက်စွာ ဖိအားပေးရန်လိုသည် ဟု မြင်သူ ဖြစ်သည်။ လွန်ခဲ့သော် ရက်သတ္တအနည်းငယ်အတွင်းက တင်အောင်မြင့်ဦးသည် ကာကွယ်ရေးဦးစီးချုပ်ကို ၎င်း၏ ရုံး သို့ ဆင့်ခေါ်ခဲ့သည်။ ယနေ့ နိုင်ငံရေး တည်ဆောက်ပုံ၊ စစ်တပ်၏ အခန်းကဏ္ဍတွင် မိမိ၏ အရေးပါပုံနှင့် သိန်းစိန် အနေဖြင့် စစ်တပ်နှင့် မသက်ဆိုင်တော့ကြောင်းကို ညွှန်ပြပြောဆိုခဲ့သည်။

ကြံ့ဖွံ့အမာခံများမှာ အများစုသည် စစ်တပ်မှနုတ်ထွက်၍ အရပ်သားအဖြစ်ပြောင်းလည်းထားသူများ ဖြစ်သည်။ ၎င်းတို့ သည် ပါလီမန်အမတ်များအနေဖြင့် ပါလီမန် တွင်မိမိတို့၏ လုပ်ငန်းဆောင်တာများကိုဆောင်ရွက်ရာတွင် လှစ်လျူရှု ခံရမှုများကြောင့် မကြေမနပ်ဖြစ်မှုများ ဖြစ်ပေါ်နေသည်။ ထို့အတွက်ကြောင့် ၎င်းတို့အနေဖြင့် မူလလက်ဟောင်း သန်းရွှေ အစိုးရနှင့် နောက်ကွယ်တွင် ပြောဆိုတိုင်တန်မှုများ ရှိနေကြသည်ဟု ဆိုသည်။ အတိအကျအားဖြင့် ၎င်းတို့ သည် သန်းရွှေနှင့် နိုင်ငံတော်၏ ဦးသျှောင်အဖွဲ့တရပ်ကို ထူထောင်၍ အစိုးရအသစ်ပေါ်တွင် ထိန်းချုပ်နိုင်သော အဖွဲ့ တရပ်ကို ထူထောင်ရန် အကြံပြုခဲ့သည်။ ကြံ့ဖွံ့ခေါင်းဆောင် အောင်သောင်းနှင့် ဒွေးဦး တို့ကလဲ သန်းရွှေကို တရုတ် ပြည်က တိန်ရှောက်ပင်နှင့် စင်္ကာပူက လီကွမ်းယူ တို့ကဲသို့ နောက်ကွယ်ကထိန်းချုပ်သော အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူး ကိုထားရန်က နဦးက အကြံပြုခဲ့ဖူးသည်ဟု ဆိုသည်။ အချို့သောသုံးသပ်သူများ၏ အဆိုအရ သန်းရွှေ သည် တိုင်း ပြည်၏အာဏာကို နောက်ကွယ်မှ ထိန်းချုပ်နေဆဲဖြစ်သည်ဟု ဆိုသည်။ ထိုအတွက်ကြောင့် ဝန်ကြီးများအနေဖြင့် နေ ပြည်တော်ရှိ သန်းရွှေ ၏ နေအိမ်သို့ ပုံမှန်သွားရောက်တွေ့ဆုံနေကြရဆဲ ဖြစ်သည်။

မြန်မာထောက်လှမ်းရေးအရာရှိဟောင်း အောင်လင်းထွဋ်ရဲ့ အဆိုအရ သန်းရွှေ သည် နိုင်ငံတော်၏ အာဏာကို သမ္မတ သို့မဟုတ် ပါလီမန်သို့လွှဲအပ်ပေးမည့်သူ မဟုတ်ကြောင်း၊ ၎င်းသည် နိုင်ငံတော်၏အာဏာကို နောက်ကွယ်မှ ဆက် လက် ကြိုးကိုင်ထားမည့်သူဖြစ်ကြောင်း ပြောဆိုခဲ့ဖူးသည်။

လက်ရှိအနေအထားတွင် ဤပြသနာများသည် မြန်မာ့ ဒီမိုကရေစီအရေးတွင် လက်တွေ့ကြုံကြိုက်နေရသော် နိုင်ငံ ရေး အရှုပ်အထွေးတရပ် ဖြစ်သည်။ သိန်းစိန် အနေဖြစ် ပါလီမန်၏ အကြီးအကဲဖြစ်သော သူရရွှေမန်း တဦးသာ ၎င်း၏ မဟာမိတ်အဖြစ် သတ်မှတ်နိုင်သည့် အခြေအနေတွင် ရှိသည်။ ရွှေမန်း သာလျင် နိုင်ငံရေးစံနစ်ကို ပါလီမန်၏ ထိရောက်သော လုပ်ထုံးလုပ်နည်းနှင့် အကူအညီပေးနိုင်သည့် ပုဂ္ဂိုလ်တဦး ဖြစ်သည်။ သို့သော်လည်း ရွှေမန်းသည် တင်အောင်မြင့်ဦး နှင့် စီးပွားရေးပြိုင်ဘက်တဦး ဖြစ်သည်ကိုလည်း ထည့်သွင်း စဉ်းစားသင့်သည်။

မြန်မာ့နိုင်ငံရေးအနာဂါတ်သည် အထက်ပါအာဏာလွှန်ဆွဲပွဲ၏ အဆုံးအဖြတ်ပေါ်တွင် မူတည်နေသည်။ သိန်းစိန် အနေနှင့် စနစ်သစ်တရပ်ဖြင့် အကောင်အထည်ဖေါ်ရန် ကျိုးစားနေချိန်တွင် တင်အောင်မြင့်ဦး သည် လက်ရှိအနေအထား ဖြစ်သော စစ်တပ်လွှမ်းမိုးသော နိုင်ငံရေးစနစ်ကို ဖတ်တွယ်ထားဆဲ ဖြစ်သည်။ ၎င်းတို့ အာဏာလွှန်ဆွဲမှုကြောင့် တပ်မတော်အနေဖြင့် နောက်ဆုံးတနေ့တွင် ငြိမ်ဝပ်ပိပြားရေးလိုအပ်ချက်ကို အကြောင်းပြု၍ ဒီမိုကရေစီစံနစ်ကို ရပ်ဆိုင်းကာ အာဏာသိမ်းမှုများ မပြုလုပ်ဟု မည်သူမျှ အာမမခံနိုင်ပေ။

မှတ်ချက် ။ ။ (လယ်ရီဂျာကင် ဆောင်ပါးကို wfww မှ ဘာသာပြန်ဆိုထားသည်) လယ်ရီဂျာကင်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ BBC ၏ သတင်းထောက်တဦး ဖြစ်ခဲ့ဖူးသည်။ ယနေ့တွင် ၎င်းသည် ဘန်ကောက်အခြေစိုက် ပုဂ္ဂလ သတင်းစာ ဆရာတဦး ဖြစ်သည်။